**အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်များ သတ်မှတ်ကာလ ကျော်လွန်မှ အသစ်လဲလှယ်ရန်/ သက်တမ်းတိုးခွင့်ပြုရန် လျှောက်ထားရာတွင် အောက်ပါ စာရွက်စာတမ်းများ ပူးတွဲပါရှိရမည် -**

၁။ လျှောက်လွှာ (လျှောက်လွှာမူရင်းတွင် ရုံးခွန်တံဆိပ်ခေါင်း ၅၀၀ ကျပ် ထမ်းဆောင် ရမည်။)

၂။ လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး သို့ လိပ်မူ၍ လိုက်ပါခွင့်စာရင်းသွင်းထားသော ခရိုင်တရားရုံးမှတစ်ဆင့် လျှောက် ထားရမည်။

၃။ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ်မူရင်း (စဉ်ဆက်မပြတ် သက်တမ်းတိုး အထောက်အထားများ အပါအဝင်)

၄။ သက်တမ်းကုန်နေသည့် ကာလအတွင်း အမှုလိုက်ပါ ဆောင်ရွက်ခြင်းမရှိကြောင်း လိုက်ပါခွင့်စာရင်းသွင်းထားသော ခရိုင်အတွင်းရှိ တရားရုံး (၅) ရုံး၏ ထောက်ခံစာ။

၅။ အထက်တန်းရှေ့နေသို့ ထုတ်ပေးသည့် တာဝန်ခံလက်မှတ် အသစ်လဲလှယ်ရန်/ သက်တမ်းတိုးရန် ပျက်ကွက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းချက် ကျမ်းကျိန်လွှာ။

၆။ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။

**မှတ်ချက်**

- **၁၉၅၅ ခုနှစ် ရှေ့နေအဖြစ်ဝင်ခွင့်နည်းဥပဒေများ - ၁၈** အရ " အထက်တန်းရှေ့နေ တစ်ဦးသည် နောက်လာမည့်ပြက္ခဒိန်နှစ်တွင် ဆက်လက်၍ အမှုလိုက်ပါဆောင်ရွက် လိုသော ဆန္ဒရှိလျှင် မိမိ၏ အထက်တန်းရှေ့နေလိုင်စင်အား ထိုနှစ်မတိုင်မီ အောက်တိုဘာလ (၁) ရက်နေ့တွင်ဖြစ်စေ၊ ၎င်းနေ့ မတိုင်မီဖြစ်စေ လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်ထားရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

- **၁၉၅၅ ခုနှစ် ရှေ့နေအဖြစ် ဝင်ခွင့်နည်းဥပဒေများ ၂၁** အရ "တစ်ဆက်တည်း (၃) နှစ် ကာလအပိုင်းအခြားအတွင်း အမှန်စင်စစ်ရှေ့နေလိုက်ခြင်းမရှိသော သို့မဟုတ် မိမိ၏ သက်သေခံလက်မှတ်ကို အသစ်လဲလှယ်ရန် ပျက်ကွက်သော ရှေ့နေသည် မိမိသက်သေခံလက်မှတ်အသစ်လဲလှယ်နိုင်ခွင့် ဆုံးရှုံးခြင်းနှင့် ရှေ့နေမှတ်ပုံတင် စာရင်းမှ ပယ်ဖျက်ခြင်းတို့ကို ခံထိုက်စေရမည်"ဟု ပြဋ္ဌာန်းထားပါသည်။

- အထက်တန်းရှေ့နေလိုင်စင် သက်တမ်းတိုးလျှောက်ထားရာတွင် သက်တမ်းတိုးရန် (၃)နှစ် ကျော်မှ လျှောက်ထားခြင်းဖြစ်လျှင် ခွင့်မပြုပါ။

▪ သတ်မှတ်ကာလကျော်လွန်မှ လျှောက်ထားလာသည့် တာဝန်ခံလက်မှတ် အသစ် လဲလှယ်ရန်/ သက်တမ်းတိုးရန် လျှောက်လွှာများကို သက်ဆိုင်ရာခရိုင်တရားရုံး မှတစ်ဆင့် ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံးသို့ **နှစ်စဉ် ဇူလိုင်လ ၁ ရက်နေ့** မတိုင်မီ

လျှောက်ထားပါက လျှောက်ထားသည့်နှစ်အတွက်သာ လျှောက်ထားရန်ဖြစ်ပါသည်။ **နှစ်စဉ် ဇူလိုင်လ ၁ ရက်နေ့** နောက်ပိုင်းမှ လျှောက်ထားပါက နောင်လာမည့်နှစ်အတွက်ပါ တပါတည်း လျှောက်ထားရန်ဖြစ်သည်။ (**ဥပမာ** - လျှောက်ထားသူ၏ လိုင်စင်မှာ ၂၀၁၈ ခုနှစ် ကုန်ဆုံးသည်အထိ သက်တမ်းတိုးမြှင့်ထားပြီး ၂၀၁၉ခုနှစ်မှ ၂၀၂၀ခုနှစ်ထိ နှစ်လွန်လိုင်စင် သက်တမ်းတိုးရန်အတွက် ၂၀၂၀ ပြည့်နှစ် ဇူလိုင်လ ၁ ရက်နေ့ နောက်ပိုင်းမှ လျှောက်ထားခြင်းများဖြစ်ပါက ၂၀၂၁ ခုနှစ် အတွက်ပါ ထည့်သွင်းလျှောက်ထားရန်)